## 'အချစ်ဒဏ်'

ချစ်သူတိုင်းဟာ အချစ်ရဲ့ဒဏ်ကို ခံကြရစမြဲပါပဲ။ ချစ်သူရယ်။ ကြံ့ကြံ့ခံနိုင်ဖို့ပဲ လိုပါတယ်။

အချစ်ဆိုတာ ပေါ့ပေါ့ပါးပါး အရာမဟုတ်တဲ့အတွက် အချစ်အပေါ် အလေးအနက်ထားမှုအပေါ် မူတည်ပြီး အချစ်ဖိစီးမှုဒဏ်ကိုတော့ ခံကြရတာပါပဲ။

တို့ကတော့ အချစ်ဒဏ်ကို ခံချင်ပါတယ်။

**တို့ဘဝရဲ့ ခရီးတစ်လျှောက်မှာ အချစ်ကို ပခုံးပေါ်ထမ်းတင့်သွားချင်ပါတယ်။**

**အချစ်က ဘယ်လောက်လေးလံနေပါစေ။**

**ဝန်ပိုလှချည့်လို့ ဘယ်သောအခါမှ လွှတ်ချပစ်မထားခဲ့ပါဘူး ချစ်သူရေ။**

အချစ်ဟာ ခံယူသူရဲ့ အနေအထားအရ ဖွဲ့တည် ပုံပြောင်းလဲတတ်သူပါ။

အချစ်ကို အချစ်အဖြစ် သယ်ထမ်းပိုးမယ်ဆိုရင်တော့ အချစ်ဟာ နှလုံးသားကိုပဲ ဒဏ်ဖြစ်စေလိမ့်မယ်။

အချစ်ကို အရာတချို့နဲ့ ရောထွေးထုတ်ပိုးမယ်ဆိုရင် အချစ်က ပူးတွဲပါ အရာတွေနဲ့အတူ ဒဏ်ဖြစ်လာမှာပဲ။



ဟုတ်တယ်။

**အချစ်ကို ဝါသနာနဲ့ ရောလိုက်ရင်ဆိုပါတော့**

**အဲဒီဝါသနာအပေါ်** ပိကျလာတဲ့ အချစ်ရဲ့ ခွက်ဖက်မှုကြောင့် ဝါသနာကို စွန့်လွှတ်ပစ်ရသည်အထိ ဒဏ်ပိသွားနိုင်တယ်။

ဥပမာ- အချစ်ကို ယုံကြည်ချက်နဲ့ မွှေနှောက်မိတဲ့အခါ အချစ်ရဲ့ဖိအားကြောင့် ယုံကြည်ချက်တွေ အရည်ပျော်သွားနိုင်တယ်။

ဥပမာ - အချစ်ကို ဂုဏ်သိက္ခာနဲ့ စည်းနှောင်မိတဲ့အခါ အချစ်ရဲ့ တွန်းကန်ချက်ကြောင့် သိက္ခာတွေ ပြေတွက်လျှောကျကုန်နိုင်တယ်။

တို့ကတော့ အချစ်ကို သီးသီးသန့်သန့်ကလေးပဲ နှလုံးသားထဲကတစ်ဆင့် သယ်ဆောင်သွားချင်တယ်။

အချစ်က ဒဏ်ဖြစ်ပါစေ။

အချစ်နဲ့ ပြန်ကုစားမယ်။

အချစ်ဟာ အချစ်နဲ့ တည်ဖွဲ့ထားတဲ့အရာပါ။ နှလုံးသားကိုတော့ တစ်စစီ ကြေပျက်သွားလောက်အောင် မထုနှက်တတ်ပါဘူး။

အချစ်ကိုသာ အနှောင့်အယှက်မဖြစ်ပါစေနဲ့။

အချစ်က နေသာသလို နေတတ်ပါတယ်။

ဘဝရဲ့ ဆုံးရှုံး၊ နစ်နာ၊ ထိခိုက်နာကျင်မှုတွေကိုတောင်မှ အချစ်က လည်စင်းခံပေးသွားတတ်ပါသေးတယ်။

အချစ်က ဒဏ်ခံနိုင်သူလည်းဖြစ်တယ်။ ဒါပေမယ့် ဒဏ်ခတ်သူလည်းဖြစ်တယ်ဆိုတာ မမေ့လေနဲ့။